မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 11, 2020 Volume 28, Number 7

| ၁၁.၂.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၆၇/-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၃၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၅၂/- ကျပ် |
| CBM Rate | = ၁၄၅၁.၅ /ကျပ် |
| ယူရို တစ်ယူရို | = ၁၅၈၃.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၄၆.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၃.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၁.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ = ၉၇၄.၀၀ ကျပ် | |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၈.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၃၆၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၂.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၅၀.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၆.၄၅၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မူဆယ်ကုန်သွယ်ရေးဇုန်သို့ ဝင်ရောက်လာသောကားများကို ကုန်စည်ဒိုင်ကြေး ၁၄ ရက်ကြာ ကင်းလွတ်ခွင့်ပြု



မူဆယ်ကုန်သွယ်ရေးဇုန်သို့ဝင်ရောက်လာသောကားများကို ၁၄ ရက်ကြာကုန်စည်ဒိုင်ကြေးကင်းလွတ်ခွင့်ပြုကြောင်း သစ်သီးဝလံ ကုန်စည်ဒိုင်အသင်းက ဖေဖော်ဝါရီ ၁၀ ရက်တွင် ကြေညာသည်။ ကုန်စည်ဒိုင်ကြေးကို ဖေဖော်ဝါရီ ၁၀ ရက် မှ ၂၃ ရက်ထိ ကနဦး ကင်းလွတ် ခွင့်ကာလ သတ်မှတ်ကြောင်း မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်အသင်း ဒုဥက္ကဋ္ဌ ဦးအောင်သက်ဦး က ပြောသည်။ "လောလောဆယ် ဖရဲ၊ သခွားဈေးကွက် အခက်အခဲမှာ နည်းနည်းပါးပါး တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေပါစေတော့ ဆိုပြီးလုပ်တာ။ ကုန်စည်ဒိုင်အနေနဲ့ လက်ရှိ တုံ့ပြန်လို့ရတဲ့ အနေအထားအတိုင်း ဆောင်ရွက်ပေးတာပါ"ဟု ဦးအောင်သက်ဦးက ပြောသည်။

ကုန်စည်ဒိုင်ကြေးအဖြစ် ကားကြီးတစ်စီးလျှင် ကျပ်ငါးထောင်၊ ကားလတ် တစ်စီးလျှင် ကျပ်သုံးထောင် ကောက်ခံခြင်းဖြစ်သည်။ "တောင်သူတွေအတွက် အခုလို အကျပ်အတည်းကာလမှာ ကုန်စည်ဒိုင်က လျှော့ပေါ့သင့်သလောက် လျှော့ပေးတာပါ" ဟု ဦးစိုင်းခင်မောင်ကပြောသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယာဉ်သွားလာမှု ကန့်သတ်သည့်နောက်ပိုင်း ဖေဖော်ဝါရီဒုတိယပတ်တွင် မူဆယ်သစ်သီးဈေးကွက်သို့ ဖရဲ၊ သခွားမွှေးသစ်သီးတင်ယာဉ် တစ်ရက်လျှင် တစ်ရာခန့်ဝင်ရောက်သော်လည်း အစီး ၂၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ၎င်းကပြောသည်။

မြန်မာ–တရုတ်နယ်စပ်ကုန်သွယ်ရေးကဏ္ဍတွင် ပမာဏအများဆုံးဖြင့် ကုန်သွယ်နေသော မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန်၌ လက်ရှိ ဖရဲ၊ သခွားရောင်းချမှုနှုန်းမှာ အကျဘက်သို့သာဦးတည်နေကြောင်း မြန်မာနိုင်ငံဖရဲ၊ သခွားစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးနိုင်ဝင်းကပြောသည်။ "လက်ရှိ သုံးသပ်တာကတော့ နှစ်လပိုင်းအတွင်းမှာ ခက်ခဲနိုင်တယ်။ ဒီထက်လည်းပိုလာနိုင်တယ်။ တရုတ်ရဲ့ရောဂါ ထိန်းချုပ်နိုင်မှုအပေါ် မူတည်ပြီးဈေးကွက်က ပြန်ကောင်းလာမှာပေ့ါ။ ရောဂါဆက်ဖြစ်နေမယ်ဆိုရင် ဈေးကွက်ကဆက်ထိခိုက်နေဦးမယ်"ဟု ၎င်းကပြောသည်။ မုံရွာခရိုင် ဘုတလင်မြို့နယ်နေ ဖရဲ၊ သခွားမွှေးစိုက်မျိုးသူ ကိုသစ္စာက "သစ်သီးရောင်းကွင်း ဝင်ကြေး မကောက်တာကို ကြိုဆိုပါတယ်။ ဒီရောဂါရဲ့သက်ရောက်မှုက အဲဒီထက်ကြီးတယ်။ သစ်သီးခူးရတော့မယ့်သူတွေ အရှုံးပြနေပြီ။ ဈေးကွက်ကမသေချာ

မရေရာဘူး။ ကွင်းဝင်ကြေးမကောက်ရုံနဲ့တော့ ထူးခြားတဲ့ပြောင်းလဲမှုမဖြစ်ဘူး’’ဟု ဆိုသည်။ ကိုရိုနာဗိုင်းရပ်စ် မဖြစ်ပွားမီ အချိန်ထိ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်တွင် ဖရဲ သခွားကားတစ်စီးလျှင် ကျပ်သိန်း ၄၀ မှ ၆၀ ကြားရရှိသော်လည်း လက်ရှိအချိန်တွင် ကျပ် ၁၀ သိန်းမှ ၃၀ ကြားသာပေါက်ဈေးရှိတော့ကြောင်း၊ ယင်းအပြင် တရုတ်နိုင်ငံ၏ ဝယ်လိုအား ကျဆင်းမှုကြောင့် ဖရဲ သခွားဈေးကွက်မှာ အကျဘက်သို့သာရှိနေကြောင်း ဦးအောင်သက်ဦးက ပြောသည်။

**Source:** https://7day.news/178327

## ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့်နိုင်ငံခြားသံရုံးများ ထားဝယ်အထူးစီးပွားရေးဇုန် အလားအလာများကို လာရောက်လေ့လာ




ထားဝယ်အထူးစီးပွား ရေးဇုန်ဖော်ဆောင်ရန် ထိုင်းနိုင်ငံအခြေစိုက် ဂျပန်ကုမ္ပဏီကိုးခုမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်နိုင်ငံခြားသံရုံး ၁၈ ရုံးက ဇုန်အလားအလာများကို လာရောက်လေ့လာခဲ့ကြောင်း ထားဝယ် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီက သတင်းထုတ်ပြန်သည်။ ထိုလုပ်ငန်းရှင်များကို ဘန်ကောက်-ဂျပန် ကုန်သွယ်ရေးလုပ်ငန်းရှင်များအသင်းက ဦးဆောင်ခဲ့ပြီး ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) တို့ ပါဝင်သည်။

သံရုံးကိုယ်စားလှယ်များတွင် ဥရောပနှင့်အာရှမှ သံမှူးများပါဝင်သည်ဟု အဆိုပါကော်မတီ အတွင်းရေးမှူး ဒေါက်တာတင်ထူးနိုင်ကပြောသည်။ “ဇုန်အကောင်အထည်ဖော်နေတဲ့အကြောင်း၊ ဇုန်နဲ့ပတ်သက်တဲ့အကြောင်းတွေရှင်းပြတယ်။ စိတ်ဝင်စားရင် ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်တာပါ”ဟု ၎င်းကဆိုသည်။ ထိုအဖွဲ့တွင် ဥရောပနှင့်အာရှမှ သံမှူးများပါဝင်သည်ဟု ၎င်းကဆိုသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ကနဦးအဆင့်အကောင်အထည်ဖော်ရန် ထိုင်းကုမ္ပဏီ အီတာလျံ-ထိုင်းကို လုပ်ကိုင်ခွင့်ပေးထားသည်။ လက်ရှိတွင် မြေငှားစာချုပ်ကို ထိုင်းကုမ္ပဏီထံပို့ဆောင်ထားပြီး ၂၀၂၀ မတ်လ၌ ကုမ္ပဏီဘက်က နောက်ဆုံးအကြောင်းပြန်ရမည်ဖြစ်ပြီး မပြုလုပ်ပါက လုပ်ကိုင်ခွင့်ဆုံးရှုံးမည်ဟုဆိုသည်။ ထိုင်းကုမ္ပဏီကို လုပ်ကိုင်ခွင့်ပေးထားသော် လည်း ၂၇ စတုရန်းကီလိုမီတာ (ဧက ၆,၆၀၀ ကျော်)ကို တိုက်ရိုက်ဆောင်ရွက်ခွင့်ရမည်မဟုတ်ဘဲ အဆင့်လေးဆင့်ခွဲ၍ ဆောင်ရွက်ရမည်ဟုဆိုသည်။ထိုင်းကုမ္ပဏီသည် ပထမ အဆင့် ၇ စတုရန်းကီလိုမီတာ (ဧက ၁,၇၀၀ ကျော်) လုပ်ကိုင်ခွင့်ရမည်ဖြစ်ပြီး ငွေကြေး၊ စီးပွားရေးစီမံချက်နှင့်အချိန်သတ်မှတ်ချက်တို့ တင်ပြရမည်ဟုကော်မတီကဆိုသည်။

**Source:** https://7day.news/

## မွန်ပြည်နယ်တွင် ကမ်းနီးငါးဖမ်းဆီးရရှိမှု သိသာစွာမြင့်တက်



မွန်ပြည်နယ်အတွင်း ကမ်းနီးငါးဖမ်းဆီးရရှိမှု သိသာစွာမြင့်တက်လာကြောင်း မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။ ကမ်းနီးတွင် ဖမ်းဆီးရမိသောငါးများမှာ ငါးပုဏ္ဏား၊ ငါးပုတ်သင်နှင့် ငါးပြက်တို့ဖြစ်ပြီး ယခုရက်ပိုင်းအတွင်း ငါးပုဏ္ဏားများဖမ်းဆီးရမိကြောင်း သိရသည်။ "ကျွန်တော်တို့ ဆီက ရေလုပ်သားတွေက အအေးခန်းစက်ရုံကိုပို့တယ်။ သူတို့ကတစ်ဆင့် တရုတ်ပြည်ကိုပို့တယ်။ အခြားငါးတွေကိုတော့ ဒီမှာတင်ရောင်းတယ်။ ငါးခြောက်ခွဲတယ်။ ဒီနှစ်ဆန်းပိုင်းကနေစပြီး မွန်ပြည်နယ်မှာ ငါးဖမ်းဆီးရရှိမှုနှုန်းတွေ တိုးတက်လာပြီး ငါးလုပ်ငန်းလုပ်ကိုင်သူတွေ ဝင်ငွေတိုးလာတယ်"ဟု မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုးက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။

မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ငါးဖမ်းဆီးရာတွင် ပိုက်ကွန်အကျဲများဖြင့်သာ ဖမ်းဆီးစေခဲ့သည့်အတွက် သေးငယ်သောငါးများကို ထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ယင်းကဲ့သို့ ငါးဖမ်းဆီးရရှိမှု တိုးတက်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ကမ်းနီးငါးဖမ်းဆီးရရှိမှု သိသိသာသာတိုးလာခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ "ငါးဖမ်းဆီးရရှိမှုက ဒီဘက်နှစ်ပိုင်းမှာ အရမ်းကောင်းလာတာ သုံးလလောက်ရှိနေပြီ။ မွန်ပြည်နယ်အတွင်းရှိမြစ်ထဲမှာတော့ ကျိုက်ထို၊ ဘီးလင်း၊ မုတ္တမကွေ့တွေမှာ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းတာတွေများတယ်။ ဒီလတွေထဲမှာဆိုရင် ကမ်းနီးအတွင်းရှိမြစ်နဲ့ သံလွင်မြစ်၊ ကျိုက်ထိုဘက်ခြမ်းက ဘီးလင်း၊ သထုံ၊ အပေါင်၊ ရေတိမ်ပိုင်း စစ်တောင်းမြစ်ဝမှာတော့ ငါးဖမ်းဆီးရရှိမှုတော်တော်ကောင်းတယ်"ဟု ဦးမြင့်စိုးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/135102.html

## မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေး ပြန်လည်စတင်မည့်ရက် နှစ်ပတ်ခန့်ရွှေ့ဆိုင်း

ကိုရိုနာဗိုင်းရပ်စ်ရောဂါ ပျံ့နှံ့မှုမထိန်းချုပ်နိုင်သေးခြင်းကြောင့် မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖေဖော်ဝါရီ ၂၃ ရက် နောက်ပိုင်းမှ ပြန်လည်စတင်နိုင်မည်ဟု မူဆယ်ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ဦးနန္ဒကပြောသည်။ မူလက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြန်လည်စတင်နိုင်မည်ဟု မျှော်မှန်းခဲ့သော်လည်း နှစ် ပတ်ခန့် ထပ်မံရွှေ့ဆိုင်းခြင်းဖြစ်သည်။ တစ်ရက်ပျမ်းမျှ အမေရိကန် ဒေါ်လာ ၁၄ သန်းကျော်ဖိုး ကုန်သွယ်နေသည့် မူဆယ်- ရွှေလီလမ်းကြောင်းသည် ကိုရိုနာ ဗိုင်းရပ်စ် ဖြစ်ပွားပြီးနောက်ပိုင်းတွင် တစ်ရက်လျှင် ဒေါ်လာနှစ်သန်းဖိုးခန့်သာ ကုန်သွယ်နိုင်တော့ကြောင်း ဦးနန္ဒကပြောကြားသည်။

မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းတွင် မြန်မာနိုင်ငံဘက် က ဆန်၊ ပဲ၊ နှမ်း၊ ကြက်သွန်နီနှင့် ဖရဲ၊ သခွားကိုသာ ပို့ဆောင်နေရကြောင်း၊ သွင်းကုန်အနေဖြင့် ဓာတ်မြေဩဇာ၊ လီမွော်သီးနှင့်ယန္တရားများ တရုတ်ဘက်မှ တင်သွင်းနေကြောင်း ၎င်းကပြောသည်။ “ရွှေလီဘက်က အရေးကြီးတဲ့ရုံးပိုင်းဆိုင်ရာ၊ ဌာနဆိုင်ရာတွေပဲ ပြန်ဖွင့်နေတာ။ ရောဂါထိန်းချုပ်မှုကြောင့် လူစုလူဝေးမဖြစ်ဖို့ ကန့်သတ်ထားပုံရတယ်။ လုပ်ငန်းနဲ့သက်ဆိုင်တဲ့အပိုင်းတွေတော့ ဆက်ပိတ်ထားတယ်” ဟု မူဆယ် ကုန်သွယ်ရေး ဇုန်တွင် သစ်သီးဝလံဒိုင်ဖွင့်ထားသူ ဦးအောင်သက်ဦးကပြောကြားသည်။ မြန်မာနှင့်တရုတ်အစိုးရညှိနှိုင်းမှုအရ နယ်စပ်ကုန်သွယ်ရေးစခန်းများကို တရားဝင်ပိတ်ပင်ခြင်းမဟုတ်ဘဲ ရောဂါထိန်းချုပ်သည့်အခြေအနေအရ နယ်မြေကန့်သတ်ခဲ့ခြင်းကြောင့် ကုန်သွယ်ရေးဇုန်များကို ထိခိုက်နေကြောင်း ၎င်းကရှင်းပြသည်။

မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်ရေးသည် ထိုင်း၊ လာအို၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေးတို့ထက် ပိုများသည်။ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီးနှင့်လွယ်ဂျယ်တို့မှ ကုန်သွယ်မှုပမာဏသည် တစ်ရက်လျှင် ကန်ဒေါ်လာ ၁၈ သန်းကျော်ရှိသည်။

**Source:** https://7day.news/ –178328

## မြန်မာ-တရုတ် နယ်စပ်တွင် တရုတ်ဘက်မှဌာနအများစု ဖေဖော်ဝါရီ ၉ ရက်မှစတင်ပြီး လုပ်ငန်းစတင်လုပ်ကိုင်ကြသော်လည်း သစ်သီးပို့ကုန်များ၏ ထွက်ပေါက်ကို ပိတ်ထားဆဲဖြစ်ကြောင်းသိရ



မြန်မာ-တရုတ်နယ်စပ်တွင် တရုတ်ဘက်မှ ဌာနအများစု ဖေဖော်ဝါရီ ၉ ရက်မှ စတင်ပြီး လုပ်ငန်းစတင် လုပ်ကိုင်နေကြသော်လည်း သစ်သီးပို့ကုန်များ၏ ထွက်ပေါက်ကို ပိတ်ထားဆဲဖြစ်ကြောင်း မူဆယ်နယ်စပ် ကုန်သည်များထံမှသိရသည်။ “တရုတ်ဘက်က ဌာနအတော်များများ မနေ့ကစပြီး လုပ်ငန်းခွင်စဝင်နေပြီလို့ ကြားရပါတယ်။ ဒါပေမဲ့ခရီးသွားလာရေးကတော့ မဖွင့်နိုင်သေးတာက ကျွန်တော်တို့ သစ်သီးပို့ကုန်ရဲ့ ထွက်ပေါက်ကို ပိတ်ထားဆဲပါ။ အရောင်းအဝယ်ရှိလာပေမယ့် ဈေးတန်းများက ကားခ၊ ထုပ်ပိုးမှု၊ အခွန်အခများ နုတ်လိုက်ရင် ဘာဆိုဘာမှမကျန်တော့ပါဘူး။ ထူးခြား

လာမယ့် အခြေအနေတွေကို ဆက်ပြီးစောင့်ကြည့်ရုံကလွဲပြီး ရွေးချယ်စရာမရှိတော့ဘူး။ ဖရဲသီးများ ဆိုးချက်က တစ်စီးချင်း ဈေးထက် အတွဲလိုက်ဈေးဖြတ်နေတာတောင်တွေ့တယ်။ ဥပမာ-သုံးစွဲတဲ့ ယွမ် ၂၀၀၀၀” ဟု မူဆယ်ရှိ ခွာညိုသစ်သီးပွဲရုံမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း ခွာညိုသစ်သီးပွဲရုံ၏ လူမှုကွန်ရက် စာမျက်နှာတွင် ဖော်ပြထားသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် သစ်သီးဝလံကုန်စည်ဒိုင်၏ ဖေဖော်ဝါရီ ၁၀ ရက်စွဲဖြင့် ထုတ်ပြန်ချက်အရ သစ်သီးဝလံ ကုန်စည်ဒိုင်မှ ကောက်ခံနေသော ကုန်စည်ဒိုင်ကြေးများအား ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၃ ရက်အတွင်း ဝင်ရောက်သော ကားများအပေါ် ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးချက် ထုတ်ပြန်ထားသည်။ လိုအပ်ပါက ကုန်စည်ဒိုင်ကြေး ကင်းလွတ်ခွင့်ကို ရက်တိုးမြှင့်သတ်မှတ်ပေးမည်ဟုသိရသည်။ တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးဈေးကွက် တုံ့ဆိုင်းမှုကြောင့် ဖရဲ၊ သခွားမွှေး ထုတ်ကုန်များအပေါ် ပြည်တွင်းဈေးကွက် အမြန်ဆုံးရရှိရေးအတွက် ရန်ကုန်မြို့ရှိဈေးအချို့၌ ဆိုင်ခန်းဖွင့်လှစ် ရောင်းချရန်နှင့် မြို့တွင်း လှည့်လည်ရောင်းချရန် စီစဉ်ပေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော ကိုရိုနာဗိုင်းရပ်စ်ရိုက်ခတ်မှုကြောင့် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှ တင်ပို့နေသော ဖရဲ/သခွားမွှေး၊ သစ်သီးဝလံများ တရုတ်နိုင်ငံသို့ ပုံမှန်တင်ပို့မှု တုံ့ဆိုင်းနေသည့်အပေါ် ဖရဲ/သခွားစိုက်တောင်သူများ၊ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ အဆင်ပြေစေရေးနှင့် နစ်နာဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ်ဆောင်ရွက်ရမည့် အစီအစဉ်များနှင့်ပတ်သက်ပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာ့ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း ၊ မြန်မာနိုင်ငံဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ဆွေးနွေးခဲ့ကြောင်းသိရသည်။

တရုတ်နိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး ဈေးကွက်တုံ့ဆိုင်းမှုကြောင့် ဖရဲ/သခွားမွှေး ထုတ်ကုန်များအပေါ် ပြည်တွင်းဈေးကွက် အမြန်ဆုံးရရှိရေးနှင့် ပြည်ပဈေးကွက် တိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးမှ ‘တိုင်းရင်းသားသွေးချင်းတို့ရဲ့ပွဲတော်’ ကာလအတွင်း ဆိုင်ခန်းဖွင့်လှစ် ရောင်းချရေး၊ မြေပဒေသာကျွန်းတွင် ဖရဲ/သခွား ပွဲတော်ကျင်းပရေး၊ တည်းကုန်းလက်ကားဈေးတွင် သယ်ယူရောင်းဝယ်ရန် နေရာစီစဉ်ဆောင်ရွက်ပေးရေး၊ ရွှေပီတောက် ငါးဈေး (လှိုင်မြို့နယ်) တွင် သယ်ယူပို့ဆောင် ရောင်းဝယ်ရန်နေရာစီစဉ်ပေးခြင်း၊ ရတနာသီရိကုန်စိမ်းဈေး (ထောက်ကြန့်) အပေါ်ထပ်တွင်ရောင်းချရန် နေရာစီစဉ်ပေးခြင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ဈေးများ အတွင်းရရှိနိုင်မည့်နေရာများတွင် ဆိုင်ခန်းများဖွင့်လှစ်ဆောင်ရွက်ပေးခြင်း၊ Door to Door Service စနစ်ဖြင့် ရန်ကုန်မြို့တွင်း လှည့်လည်ရောင်းချရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်းပြောကြားသည်။

Source: https://news-eleven.com/article/158862

## နယ်စပ်ကုန်သွယ်ရေးတစ်ခုလုံးအနေဖြင့် တစ်ရက်လျှင် ဒေါ်လာ ၆သန်း မှ ၈သန်းကြား ထိခိုက်မှုရှိနေ



တရုတ်နိုင်ငံမှာဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးတစ်ခုလုံး တစ်ရက်လျှင် ဒေါ်လာ ၆ သန်းနှင့် ၈ သန်း ကြားအထိ ထိခိုက်မှုများရှိနေကာ ယနေ့အချိန်ထိ ကုန်သွယ်မှုများအား ရပ်နားထား ရကြောင်းသိရသည်။ အရှေ့မြောက်တံခါး အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးက "ဘယ်လိုမျိုးလဲဆိုတော့ သူတို့နိုင်ငံမှာက စောစောကပြောသလို လူစုလူဝေးဘာညာ ဘာတစ်ခုမှလုပ်လို့မရတော့ဘူး။ မရဘူး ဆိုတာက ဒီရောဂါကူးစက်မှာစိုးလို့ ဒီဟာကိုထိန်းချုပ်ဖို့အတွက်လုပ်နေတာ။ ပွဲလမ်းသဘင်တွေဘာတွေ ဘာမှလုပ်ခွင့်လည်းမရှိတော့ဘူးဆိုတဲ့ အခါကျတော့

ကုန်သွယ်မှုမှာသွားပြီးတော့ အဲ့ impactက သွားထိတာပေါ့" ဟုဆိုသည်။ ကိုရိုလာဗိုင်းရပ်စ်ကြောင့် ကူးစက်ရောဂါဖြစ်ပွားနေသည့် တရုတ်နိုင်ငံတွင် လူစည်းကားသော ဈေးများ၊ ခရီးသွားလာမှုလမ်းကြောင်းများကို ကန့်သတ်ပိတ်ပင်ထားသဖြင့် အရောင်းအဝယ်မရှိသလောက်ဖြစ်နေ၍ ဖရဲသခွားအပါအဝင် အခြားသောသီးနှံများ အားလုံးတင်ပို့ခြင်းမပြုသေးရန် အသိပေးစာထုတ်ပြန်ထားကြောင်းသိရသည်။ ခွာညိုသစ်သီးပွဲရုံမှ တာဝန်ရှိသူတစ်ဦးက "ထိခိုက်မှုကတော့ရှိတာပေါ့နော်။ ဆုံးရှုံး နစ်နာမှုတွေရှိတာပေါ့။ နောက်ငွေရေးကြေးရေးဆုံးရှုံးနစ်နာတယ်" ဟု ပြောသည်။

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါမပျောက်ကင်းသရွေ့ နယ်စပ်ကုန်သွယ်မှုများအားလုံး ရပ်တန့်သွားနိုင်ချေရှိကြောင်း အရှေ့မြောက်တံခါး အများနှင့်သက်ဆိုင်သောကုမ္ပဏီမှ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးကဆိုသည်။ "အရောင်းအဝယ်လုပ်တယ် အသီးအနှံတွေဝယ်တယ်ဆိုလို့ရှိရင်လည်း သူတို့ကဝယ်ပြီးလို့ရှိရင် သူတို့နိုင်ငံပြည်မကြီးထဲဆီပို့တာကိုး။ အခုဟာက စားသောက်ဆိုင်တွေမှာသုံးတဲ့ဟာတွေ စက်ရုံအလုပ်ရုံမှာသုံးတဲ့ တခြားပစ္စည်းတွေ ကိုယ်တို့နိုင်ငံကို ဝင်နေတဲ့ဟာတွေ အကုန်လုံးက သူတို့ရဲ့ factoryကြီးတစ်ခုလုံးက ရပ်နေတဲ့အတွက်ကြောင့် ကိုယ်တို့ဆီကနေဝယ်သွားလည်း ဟိုဘက်မှာသူတို့ဆက်ပြီးမဖြန့်နိုင်ဘူး။ မဖြန့်နိုင်တော့တဲ့အတွက်ကြောင့် လုပ်ငန်းတွေအကုန်လုံးက နဲနဲ close up ဖြစ်သွားတဲ့ပုံစံဖြစ်သွားတာပေါ့။ အဲ့လိုဖြစ်သွားတဲ့အတွက်ကြောင့် ဒီဘက်မှာပါ ကုန်သွယ်ရေးကသွားပြီးတော့ထိခိုက်တာ"ဟု ၎င်းကပြောသည်။

နယ်စပ်ကုန်သွယ်ရေး တစ်ခုတည်းကိုသာ အားကိုးပြီးသွားနေပါက တစ်ဖက်နိုင်ငံတွင် တစ်စုံတစ်ခုဖြစ်ပါက ခံရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ "နယ်စပ်ကုန်သွယ်ရေးနဲ့ပတ်သက်ရင် တောင်သူတွေ ကြုံနေရတဲ့ပြဿနာက ၃နှစ်လောက်ရှိပြီ။ အဲ့တော့ ဒါတွေကိုသင်ခန်းစာယူပြီးတော့ တောင်သူတွေချည်းပဲလည်းလုပ်လို့မရဘူး။ အသင်းအဖွဲ့လည်းလုပ်လို့မရဘူး။ အစိုးရကပါ ဝိုင်းပြီးပံ့ပိုးပေးမှရမှာ။ အစိုးရက အသင်းအဖွဲ့တွေနဲ့ပေါင်းပြီးတော့မှ တောင်သူတွေနဲ့ပေါင်းပြီးတော့မှ ဘာတွေ ဖြေလျှော့ပေးဖို့လိုမလဲ။ ဘာတွေပံ့ပိုးဖို့လိုသလဲ။ ဒီဥပဒေတွေဖြေလျှော့ဖို့လိုရင် ဘယ်အစိတ်အပိုင်းတွေကိုဖြေလျှော့ရမှာလဲ။ ဥပမာသွင်းအားစုတွေကို ဘယ်လိုမျိုးပံ့ပိုးပေးရမလဲ" ဟု ၎င်းကပြောသည်။ ယခုလက်ရှိတွင် စိုက်ပျိုးရေးပို့ကုန်တွေဖြစ်တဲ့ ဖရဲ သခွားဈေးကွက်သည် အထိအနာဆုံးဖြစ်နေကာ ရေထွက်ကုန်နှင့်တရုတ်နိုင်ငံသို့တင်ပို့နေသည့် အခြား ပဲ ၊ ပြောင်း၊ နှမ်းတို့လည်းအထိနာနေသည်ဟုသိရသည်။

**Source:** http://www.mizzimaburmese.com/article/66861

## ရွှေလီတွင် ကျောက်မျက်ရောင်းချမှု ပိတ်ထားမှုရက်ကြာလျှင် မန်းဈေးကွက်ထိမည်



တရုတ်-မြန်မာနယ်စပ် ရွှေလီမြို့သို့ အင်တာနက်ဖြင့်ကျောက်မျက်ရတနာများအား တိုက်ရိုက်ထုတ်လွှင့်ရောင်းချခြင်းအား ဖေဖော်ဝါရီ ၅ရက်နေ့ ည ၁၂နာရီမှစတင်ကာ ခတ္တရပ်နားထားခြင်း ရက်ရှည်လာလျှင် မန္တလေးကျောက်စိမ်းဈေးကွက် ထိခိုက်မှုရှိလာနိုင်ကြောင်း မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းကသိရသည်။

“ အဲလိုပိတ်လိုက်တဲ့အတွက် ထူးထူးခြားခြားပြောင်းလဲမှုမရှိသေးပါဘူး၊ ဒါပေမယ့် အသားငါးလိုပဲ ရက်ရှည်လာရင်ပုတ်လာတယ်၊ ကျောက်မျက် ရတနာလည်းဒီလိုပဲ ရက်ရှည်လာရင် အဝယ်နည်းလာရင်တော့ ထိခိုက်မှုရှိလာနိုင်ပါတယ်၊ ဒီဗိုင်းရပ်စ်ပိုးကြောင့် အခုရက်ပိုင်းမှာ ကျောက်မျက်ရတနာအရောင်းအဝယ်မှာ ဈေးနှုန်းမြင့် ကျောက်မျက်ရတနာအရောင်းအဝယ်ကတော့ မဖြစ်သလောက်ဖြစ်နေပါတယ်” ဟု အဆိုပါစခန်း သတင်း ပြန်ကြားရေးတာဝန်ခံ ဦးကျော်ကျော်ဦးကပြောသည်။

ကိုရိုနာဗိုင်းရပ်စ် အဆုတ်ရောင်ကာကွယ်ရေးလုပ်ငန်းစီမံခန့်ခွဲမှုဌာနက ရွှေလီမြို့ ကျောက်မျက်ရတနာ အင်တာနက်ပေါ်မှတဆင့် ထုတ်လွှင့်ရောင်းချခြင်းကို ခေတ္တပိတ်ပင်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် သတိပေးစာကို လိုက်နာခြင်းမရှိလျှင် ရောင်းဝယ်ရေးလိုင်စင်ဖြုတ်ချသည့်အထိ အရေးယူသွားမည့်အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော် လုံခြုံကြီးကြပ်ရေး အပြစ်ယူခြင်းဥပဒေ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကူးစက်ရောဂါကာကွယ်ရေးဥပဒေ၊ နိုင်ငံတော် ပြစ်မှုဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ထားခြင်းဖြစ်သည်။

"ကျွန်တော်တို့အနေနဲ့ကတော့ ဘာမှထွေထွေထူးထူးမသိသာသေးဘူး၊ တရုတ်ပြည်ထဲကိုမပြန်ပဲ ရောင်းချနေတဲ့ တရုတ်တွေလည်းရှိပါတယ်၊ အခုအရောင်းအဝယ်ဖြစ်နေတာကတော့ ဈေးနှုန်းအနိမ့်ပိုင်းလေးတွေတော့ဖြစ်နေပါတယ်၊ ပိတ်တာကလည်း ရွှေလီဈေးကွက်ပဲဆိုတော့ ပြည်မကြီးကို တိုက်ရိုက်ရောင်းချနေတဲ့သူတွေရှိတဲ့အတွက် ထူးခြားမှုမရှိသေးတာလို့ထင်ပါတယ်၊ ဒါပေမယ့် ရက်ရှည်ပိတ်တာမျိုးတော့ မဖြစ်စေချင်ပါဘူး၊ ခုတောင် ဈေးကွက်ကသိပ်ကောင်းတာမဟုတ်ဘူး" ဟု ကျောက်မျက်ရတနာကုန်သည် ဦးနေမျိုးကပြောသည်။ မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်းသည် နေ့စဉ်လူဦးရေတစ်သိန်းကျော်ခန့် အရောင်းအဝယ်ပြုလုပ်နေသော အထက်မြန်မာပြည်၏ အဓိကကျောက်မျက်ဈေးကြီးဖြစ်သည်။

**Source:** http://www.mizzimaburmese.com/article/66817

## မွန်ပြည်နယ်တွင် ကမ်းနီးငါးဖမ်းဆီးရရှိမှု သိသာစွာမြင့်တက်

မွန်ပြည်နယ်အတွင်း ကမ်းနီးငါးဖမ်းဆီးရရှိမှု သိသာစွာမြင့်တက်လာကြောင်း မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။ ကမ်းနီးတွင် ဖမ်းဆီးရမိသောငါးများမှာ ငါးပုဏ္ဏား၊ ငါးပုတ်သင်နှင့် ငါးပြေက်တို့ဖြစ်ပြီး ယခုရက်ပိုင်းအတွင်း ငါးပုဏ္ဏားများဖမ်းဆီးရမိကြောင်း သိရသည်။ "ကျွန်တော်တို့ဆီက ရေလုပ်သားတွေက အအေး ခန်းစက်ရုံကိုပို့တယ်။ သူတို့ကတစ်ဆင့်တရုတ်ပြည်ကိုပို့တယ်။ အခြားငါးတွေကိုတော့ ဒီမှာတင်ရောင်းတယ်။ ငါးခြောက်ခွဲတယ်။ ဒီနှစ်ဆန်းပိုင်းကနေစပြီး မွန်ပြည်နယ်မှာ ငါးဖမ်းဆီးရရှိမှုနှုန်းတွေတိုးတက်လာပြီး ငါးလုပ်ငန်းလုပ်ကိုင်သူတွေ ဝင်ငွေတိုးလာတယ်"ဟု မွန်ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြင့်စိုးက မြန်မာ တိုင်းမ်နေ့စဉ်သို့ပြောသည်။

မွန်ပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် ငါး ဖမ်းဆီးရာတွင် ပိုက်ကွန်အကွဲများဖြင့်သာ ဖမ်းဆီးစေခဲ့သည့်အတွက် သေးငယ်သောငါးများကို ထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ယင်းကဲ့သို့ ငါးဖမ်းဆီးရရှိမှုတိုးတက်လာခြင်းဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှစတင်ကာ ကမ်းနီးငါးဖမ်းဆီးရရှိမှု သိသိသာသာတိုးလာခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။ "ငါးဖမ်းဆီးရရှိမှုက ဒီဘက်နှစ်ပိုင်းမှာ အရမ်း ကောင်းလာတာ သုံးလလောက်ရှိနေပြီ။ မွန်ပြည်နယ် အတ္တရံမြစ်ထဲမှာတော့ ကျိုက်ထို၊ ဘီးလင်း၊ မုတ္တမကွေ့ တွေမှာ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းတာတွေများတယ်။ ဒီလတွေထဲမှာဆိုရင် ကမ်းနီးအတ္တရံမြစ်နဲ့ သံလွင်မြစ်၊ ကျိုက်ထိုဘက်ခြမ်းက ဘီးလင်း၊ သထုံ၊ အပေါင်၊ ရေတိမ်ပိုင်း စစ်တောင်းမြစ်ဝမှာတော့ ငါးဖမ်းဆီးရရှိမှုတော်တော် ကောင်းတယ်"ဟု ဦးမြင့်စိုးက ပြောသည်။

**Source:** https://myanmar.mmtimes.com/news/135102.html

## ကျွဲ၊ နွားတင်ပို့ရာမှာ 220 Kg အောက် ဒေသနွားတွေကို ထည့်သွင်းစဉ်းစားပေးရေး အပါအဝင် အချက် ၆ ချက် တင်ပြမည်

ကိုယ်တိုင်မွေး ၊ မွေးဖက်ပေး ၊ အကျိုးတူစနစ်ဖြင့် ကျွဲနွားတင်ပို့ရာမှာ 220 Kg အောက် ဒေသနွားတွေကို ထည့်သွင်းစဉ်းစားပေးရေးအပါအဝင် အချက်ခြောက်ချက်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကို တင်ပြသွားမယ်လို့ စစ်ကိုင်းတိုင်းဒေသကြီး ကျွဲနွားမွေးမြူတင်ပို့ရောင်းချသူများအသင်းကသိရပါတယ်။ ကျွဲနွားတင်ပို့ရာမှာ တွေ့ကြုံနေရတဲ့ အခက်အခဲတွေကို သိရှိနိုင်ဖို့နဲ့ ဘုံသဘောတူညီ ချက်တွေရရှိနိုင်ဖို့ စစ်ကိုင်းတိုင်းဒေသကြီး ကျွဲနွားမွေးမြူ တင်ပို့ရောင်းချသူများအသင်းကဦးစီးပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွဲနွားမွေးမြူ တင်ပို့ရောင်းချသူတွေ၊ ကုမ္ပဏီတွေတွေ့ဆုံပွဲတစ်ရပ်ကို ဖေဖော်ဝါရီလ ၈ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။ သည်တွေဆုံမှုကနေ ဘုံသဘောတူညီချက် ခြောက်ချက်ကို ဆွေးနွေးရရှိခဲ့တယ်လို့ စစ်ကိုင်းတိုင်းဒေသကြီး ကျွဲ နွားမွေးမြူတင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်ခိုင်ဝင်းကပြောပါ တယ်။

" 220 Kg ပါရမယ်လို့ပြောသွားတယ်၊ နွားမရဲ့အသက်က သုံးနှစ်ကနေ ရှစ်နှစ်ဖြစ်ရမယ်၊ ကျွန်တော်တို့အတွက်အဆင်မပြေဘူး၊ ကျွဲနွားအကောင် ၁၀၀ မွေးမှသာလျှင် အကောင် ၁၀၀ တင်ပို့ရမယ်ဆိုတဲ့ စည်းကမ်းချက်တွေပါတယ်၊ ဒီထဲကမှ 220 Kg ရှိ တဲ့ နွားမျိုးတွေကိုသာခွင့်ပြုမယ်ဆိုတော့ ကျွန်တော်တို့မှာက ဒေသနဲ့ကိုက်ညီတဲ့လွှတ် ကျောင်းစနစ်နဲ့မွေးတဲ့ နွားတွေပဲရှိတယ်" လို့ ဦးကျော်ခိုင်ဝင်းက ပြောပါတယ်။ တွေ့ဆုံပွဲကို ဖေဖော်ဝါရီလ ၈ ရက် နေ့က ခင်ဦးမြို့ရှိ သိန်းကမ္ဘာခန်းမမှာ ပြု

လုပ်ခဲ့တာပါ။ သည်တွေ့ဆုံပွဲကို စစ်ကိုင်းတိုင်းအတွင်းမှာရှိတဲ့ ကျွဲနွားတင်ပို့ရောင်းချနေတဲ့ ကုမ္ပဏီ ၃၀ ခန့်နဲ့ မွေးမြူ သူတွေ တက်ရောက်ခဲ့ပါတယ်။ ဆွေးနွေးပွဲကနေကိုယ်တိုင်မွေး ၊ မွေးဖက်ပေးအကျိုးတူစနစ်ဖြင့် ကျွဲနွားတင် ပို့ရာမှာ 220 Kg အောက် ဒေသနွားများကို ထည့်သွင်းစဉ်းစားပေးရေး၊ မွေးမြူသူများကို အချို့သောကုမ္ပဏီကြီးတွေက အကျိုးတူအတွက် မတရားတဲ့နည်း တွေနဲ့ စည်းရုံးနေမှုတွေကို တားဆီးကန့်ကွက်ပေးရေး၊ တစ်နိုင်တစ်ပိုင်မွေးမြူသူများအတွက် ကျွဲနွားဝယ်ယူသယ်ဆောင်ရာ မှာ ကြုံတွေ့နေရတဲ့ အဟန့်အတားတွေကို ဖြေလျှော့ပေးရေး၊ မြန်မာနိုင်ငံမွေးမြူရေးအဖွဲ့ချုပ်ကို အဖွဲ့ဝင်အဖြစ်ဝင်ရောက် နိုင်ရေး၊ အခြားနည်းအသုံးပြုခွင့်ကို မွေးမြူရေးနဲ့ပတ်သက်ပြီး အမြန်ဆုံးလုပ်ဆောင်ပေးရေး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျွဲနွား တင်ပို့ရောင်းချနေတဲ့ကုမ္ပဏီတွေကို ဦးစားပေးစနစ်နဲ့ ဆောင်ရွက်ပေးရေးစတဲ့အချက်တွေကို သဘောတူညီမှုရရှိခဲ့တယ်လို့သိရ ပါတယ်။ “ ဒီလိုမျိုး 220 Kg ဆိုတာက တို့တွေကို မလုပ်နိုင်အောင်လုပ်နေတာနဲ့ အတူတူပဲ၊ တို့တိုင်းမှာ ဒီလိုနွားမျိုးမရှိဘူး၊ ရှိလဲ နည်းနည်းပဲ၊ တကယ်တမ်းလိုတာက နွားသိုးချောချောနဲ့စပ်ရင် နွားကြီးကျတာပဲ၊ ဦးလေးတို့အနေနဲ့က ဒေသနွားနဲ့ပဲဖြစ်စေ ချင်တယ်၊ ဒီလိုလုပ်လိုက်တဲ့အတွက် မမွေးနိုင်၊မလုပ်နိုင်ကြတော့ မှောင်ခိုဘက်ကိုသွားဖို့ရာ တွန်းတင်နေသလိုဖြစ်နေတယ် ”လို့ ကန့်ဘလူခရိုင် ဇီးကုန်းမြို့က နွားမွေးတောင်သူ ဦးသန်းဦးက ပြောပါတယ်။

မြန်မာနိုင်ငံမှာ ကျွဲ ၊ နွားတွေကို စစ်ကိုင်း ၊ မန္တလေး၊ မကွေးတိုင်းတို့မှာ အဓိက မွေးမြူကြ တာပါ။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ ခင်ဦး ၊ ရေဦး ၊ ဒီပဲယင်း ၊ ရွှေဘို၊ ကန့်ဘလူမြို့နယ်တွေမှာ အဓိက မွေးမြူကြပါတယ်။ သည်နယ်တွေမှာ မွေးမြူကြတဲ့ နွား တွေက 220 Kg ရှိတဲ့နွား အင်မတန်မှနည်းပါတယ်လို့ စစ်ကိုင်းတိုင်းဒေသကြီး ကျွဲနွားမွေးမြူတင်ပို့ရောင်းချ သူများအ သင်းဥက္ကဋ္ဌ ဦးသောင်းခိုင်ကပြောပါတယ်။ “သူတို့သတ်မှတ်ချက်တွေက မဖြစ်နိုင်ဘူး၊220 Kg ရှိတဲ့ နွား ဆိုတာက တကယ် ကိုပဲ နှစ်ကောင်မွေးသုံးကောင်မွေးနဲ့ တကယ့်ကို အချောအလှမွေးတဲ့သူတွေမှဖြစ်မှာပေါ့၊ ကျွန်တော်တို့ဆီမှာက နွားမ အုပ်တွေ ရှိတယ်၊ ဒီ နွားမအုပ်တွေကျတော့ သူတို့စံသတ်မှတ်ထားတဲ့ စံမရှိဘူးပေါ့၊ သူတို့ခွင့်ပြုမယ်ဆိုတဲ့အနေအထားမှာလဲ တရုတ် တွေက နွားတစ်ကောင်ကို ၅၀,၀၀၀ ပေးမယ်၊ တစ်သိန်းပေးမယ်ဆိုပြီး လိုက်လံစည်းရုံးနေတာတွေရှိတယ်၊ ဒီလိုအနေအထားမှာ စစ်ကိုင်းတိုင်းအတွင်းမှာရှိတဲ့ တကယ်အမှန်အကန်လုပ်နေတဲ့ ကုမ္ပဏီတွေကိုပဲ ဦးစားပေးစေချင်တယ်” လို့ ဦးသောင်းခိုင်က ပြောပါတယ်။

မြန်မာနိုင်ငံမှာ ကျွဲနွားတင်ပို့မှုတွေကို အဓိကအားဖြင့် တရုတ်နိုင်ငံကို အဓိကတင်ပို့ကြပါတယ်။ နွားမွေးမြူရာမှာ ကိုယ်တိုင် မွေးစနစ်၊ မွေးဖက်ပေးစနစ်နဲ့ အကျိုးတူမွေးတဲ့စနစ်ဆိုတဲ့ စနစ်သုံးမျိုးရှိနေပါတယ်။ ဒီစနစ်တွေထဲကမှ အကျိုးတူ မွေးတဲ့စနစ်မှာ 220 Kg စနစ် သတ်မှတ်ထားတယ်လို့ ရွှေဘို ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဇော်ဇော်ဝင်းက ပြောပါတယ်။ “ အကျိုးတူစနစ်မှာတော့ 220 Kg က သတ်မှတ်ထားတာရှိတယ်၊ ကျွန်တော်တို့ တော်တော်များပေါ့၊ ၂၂၀ အထိ ရှိတာတွေရှိပါတယ်၊ မရှိတော့တဲ့အချိန်ကျရင်တော့ တဖြည်းဖြည်းဖြေလျှော့ပေးသွားမှာပါ၊ အခု လောလောဆယ်တော့ ဌာန ဘက်က ကြိုက်တဲ့အနေအထားမျိုး၊ ကောင်းတဲ့အနေအထားမျိုးကို မရရအောင်ဆွဲထားတဲ့ အနေအထားမျိုးပါ၊ မွေးမြူရေး သမားတွေအတွက်ကလဲ 220 Kg လောက်ကျရင် နောက်ထပ်တစ်နှစ်အတွင်း တစ်ကောင်ကတော့ သေချာပေါက် ပေါက်တယ်၊ တောင်သူဘက်ရော၊ ကုမ္ပဏီဘက်ရော အရှုံးမရှိနိုင်တဲ့အနေအထားကို ကြားဖြတ်ထားတာပါ၊ ကျွန်တော်တို့ဆီမှာ ကော်မတီ ရှိတယ်၊ သူတို့ဒီလိုဖြစ်နေတယ်ဆိုတာသိသွားရင် ကော်မတီကပြန်ထိုင်ပေးဦးမှာပါ” လို့ ဒေါက်တာဇော်ဇော်ဝင်းကပြောပါတယ်။

**Source:** https://www.kumudranews.com/news-37108

## ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလဆန်း ၁၀ ရက်အတွင်း ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန် ၆၉.၄ ရာခိုင်နှုန်းတိုးတက်ခဲ့

ကိုရီးယားသမ္မတနိုင်ငံ၊ အကောက်ခွန်ဝန်ဆောင်မှုဌာန၏ ၁၁-၂-၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သောစာရင်းများအရ ၂၀၂၀ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၁၀ ရက်အတွင်းတွင် မော်တော်ယာဉ်နှင့် Semiconductors များတိုးတက်တင်ပို့နိုင်မှု ကြောင့် နိုင်ငံ၏ပို့ကုန်သည် ၁၀.၇ ဘီလီယံရရှိခဲ့ကာ ၊ ယခင် ၂၀၁၉ ခုနှစ် ကာလတူထက် အမေရိကန်ဒေါ်လာ ၄.၃၈ ဘီလီယံတိုးတက်လာခဲ့သည့်အတွက် ၆၉.၄ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်းသိရှိရပါသည်။

တင်ပို့နိုင်သည့်ပစ္စည်းများအနေဖြင့်မော်တော်ယာဉ်တင်ပို့နိုင်မှုသည် ၁၁၄.၅ ရာခိုင်နှုန်းနှင့် Semiconductors များ

တင်ပို့နိုင်မှုသည် ၃၇.၈ ရာခိုင်နှုန်းအသီးသီးမြင့်တက်လာခဲ့ကြောင်း၊ သို့ရာတွင် နေ့စဉ်ပျမ်းမျှတင်ပို့နိုင်မှုအရမူ ၃.၂ ရာခိုင်နှုန်း ကျဆင်းနေသေးကြောင်း၊ ပို့ကုန်တင်ပို့နိုင်သည့်ဒေသ များအနေဖြင့် တရုတ်နိုင်ငံသို့ ၃၆ ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုသို့ ၆၈.၁ ရာခိုင်နှုန်း တိုးမြင့် တင်ပို့နိုင်ခဲ့ပါကြောင်း၊ သွင်းကုန်အနေဖြင့် ဖေဖော်ဝါရီလ ပထမ(၁၀)ရက်အတွင်းတွင် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတင်သွင်းခဲ့သည့်အတွက် ယခင်နှစ်ကာလတူထက် ၂၃ ရာခိုင်နှုန်းတိုးမြင့်တင်သွင်းခဲ့ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်တင်ပို့နိုင်မှုသည် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် မူလလျော့နည်းမည်ဟုမျှော်မှန်းထားခဲ့သည့် အနေအထားလောက် မဆိုးရွားခဲ့သော်လည်း Chips ပြားများအတွက် ဝယ်လိုအားလျော့နည်းခဲ့မှုကြောင့် ၁၄ လမြောက် ပို့ကုန်အနည်းဆုံးလတစ်လဖြစ်ခဲ့ပါသည်။

သို့ပါ၍ The Korea Times သတင်းစာတွင် (၁၃-၂-၂၀၂၀) ရက်နေ့၌ ဖော်ပြပါရှိသော ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလဆန်း ၁၀ ရက်အတွင်းကိုရီးယားသမ္မတနိုင်ငံ၏ပို့ကုန် ၆၉.၄ ရာခိုင်နှုန်း တိုးတက်ခဲ့မှုသတင်းအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**Source: စီးပွားရေးသံမှူး – မြန်မာသံရုံး၊ ကိုရီးယား (ဆိုးလ်)**

## ထိုင်းနိုင်ငံအနေဖြင့် ဆန်ပြည်ပတင်ပို့မှုတွင် တတိယနေရာသို့ ရောက်ရှိသွားနိုင်

ယှဉ်ပြိုင်စွမ်းအား အားနည်းခြင်း၊ ဈေးကွက်ဝယ်လိုအားပြောင်းလဲမှုကိုဖြည့်ဆည်းရန် ဆန်အမျိုးအစားများစွာမရှိခြင်းကြောင့် ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ် ကမ္ဘာ့ဒုတိယအကြီးမားဆုံး ဆန်ပြည်ပတင်ပို့သူနေရာကို ဆုံးရှုံးနိုင်ခြေအန္တရာယ်ရှိနေပါသည်။ ပြိုင်ဘက်များနှင့်နှိုင်းယှဉ်လျှင် ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်တက်ခြင်း၊ မတည်ငြိမ်သော နိုင်ငံခြားငွေလဲလှယ်မှုနှင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးခေါင်မှုတို့ကြောင့် ဗီယက်နမ်အနေဖြင့်ဒုတိယနေရာသို့ရောက်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့် ယခုနှစ်တွင် တတိယနေရာသို့ ကျဆင်းရောက်ရှိသွားနိုင်ကြောင်း ထိုင်းပြည်ပဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ Charoen Laothamatas က ပြောကြားခဲ့ပါသည်။

ထိုင်းဆန်တင်ပို့သူများအသင်းဥက္ကဋ္ဌ Charoen Laothamatas က ထိုင်းနိုင်ငံအနေဖြင့် နှစ်ပေါင်း(၃၀)အတွင်း အလားတူဆန်များကိုသာတင်ပို့ခဲ့ကြောင်းနှင့် စားသုံးသူများ၏ အပြုအမူ(Behaviour)များနှင့် ဈေးကွက်ဝယ်လိုအား(Market demand) တို့နှင့် လိုက်လျောညီထွေကိုက်ညီမှုရှိစေရေးအတွက် မိမိတို့အနေဖြင့် ဆန်အမျိုးအစားအများအပြားကို ပိုမိုရွေးချယ်ရန်လိုအပ်လာပြီဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ အသင်းအနေဖြင့် ယခုနှစ်အတွက်ပြည်ပသို့ဆန် တန်ချိန်(၇.၅)သန်းတင်ပို့ရန် မျှော်လင့်ထားပြီး ၎င်းမှာစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ရည်မှန်းချက်နှင့်အတူတူဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ(၄.၂) ဘီလီယံဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်မှာ (၇)နှစ်တာကာလအတွင်းအနိမ့်ဆုံးဖြစ်ပြီး၊ ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၃ခုနှစ်တွင်ပြည်ပသို့ ဆန်တန်ချိန်(၆.၆)သန်းတင်ပို့ခဲ့ပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ၂၀၁၉ခုနှစ်တွင် ပြည်ပသို့ဆန်တန် ချိန်(၇.၅၈)သန်းတင်ပို့ခဲ့ပြီး တန်ဖိုး မှာဘတ်ငွေ (၁၃၁) ဘီလီယံရှိကြောင်း၊ တင်ပို့မှုအနေဖြင့် (၃၂%) နှင့်တန်ဖိုးအားဖြင့် (၂၅%)အသီးသီးကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ယမန်နှစ်ကအဓိက ဆန်အများဆုံး တင်ပို့သည့်ဈေးကွက်မှာ ဘီနင်း (Benin)ဖြစ်ပြီး ထိုင်းဆန်တန်ချိန်(၁.၀၇)သန်းကို တင်သွင်းခဲ့ကြောင်း၊ ၎င်းနောက်တွင် တောင်အာဖရိကနိုင်ငံရှိပြီးဆန်တန်ချိန်(၇၂၅,၄၆၁)တင်သွင်းခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံမှလည်း ထိုင်းဆန်တန်ချိန် (၅၉၉,၉၅၇)တင်သွင်းခဲ့ကာ တရုတ်နိုင်ငံမှ ဆန်တန်ချိန်(၄၇၁,၃၃၉)တင်သွင်းခဲ့ပါသည်။

Mr. Charoen က တရုတ်နိုင်ငံအနေဖြင့် ဆန်တန်ချိန်(၁၂၀)သန်းကိုသိုလှောင်ရန် အရှိန်မြင့်လိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ယမန်နှစ်ကတရုတ်နိုင်ငံအနေဖြင့်ဆန်တန်ချိန် (၃) သန်းနီးပါးကို ပြည်ပတင်ပို့ခဲ့ပါသည်။ အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Chookiat Ophasqongse က ထိုင်းဆန်တင်ပို့မှု အလားအလာအတွက် အဓိကအန္တရာယ်ရှိသော အချက်များ တွင်ဘတ်ငွေတန်ဖိုးမြင့်တက်နေမှု၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးခေါင်မှု၊ တရုတ်၏ ကြီးမားသောဆန်သိုလှောင်မှု၊ ဗီယက်နမ်၏ ဆန်အမျိုးအစားများပြားစွာ ဆက်လက်ဖွံ့ဖြိုးတိုးတက်နေမှု၊ အထူးသဖြင့်ဆန်မွှေးနှင့် ပျော့ပြောင်းနူးညံ့သော ဆန်ဖြူတို့ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် ဗီယက်နမ်အနေဖြင့် ထိုင်းဆန်များထက်ဈေးနှုန်းချိုသာစွာတင်ပို့နိုင်ခဲ့ပြီး တရုတ် ဈေးကွက်ကဲ့သို့ အဓိကဈေးကွက်များဖြစ်သော ဟောင်ကောင်၊ ဖိလစ်ပိုင်နှင့်မလေးရှားဈေးကွက်များကိုလည်း

ထိုးဖေါက်နိုင်ခဲ့ပါသည်။

အန္တရာယ်ရှိနိုင်သောအချက်များမှာ အီးယူ-ဗီယက်နမ်လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်နှင့် ဗီယက်နမ်နိုင်ငံအား အီးယူနှင့် CPTPP ဈေးကွက်များသို့ ချဲ့ထွင်ခွင့်ပြုရန်ခွင့်ပြုသည့် ပစိဖိတ်ဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်မှုဆိုင်ရာ သဘောတူညီချက်တို့ဖြစ်ပါသည်။ Mr.Chookiat က ကိုရိုနာဗိုင်းရပ်ဖြစ်ပွားမှုသည် ဆန်စားသုံးသူများ အထူးသဖြင့် တရုတ်၊ ဟောင်ကောင်နှင့် စင်္ကာပူတို့ကို ဆန်သိုလှောင်မှုကိုမြှင့်တင်ရန် ဖိအားပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားအနေဖြင့်ယမန်နှစ်က ဆန်တန်ချိန်(၃)သိန်းထက်တိုးမြှင့်၍ ယခုနှစ်တွင် ဆန်တန်ချိန် (၁)သန်း တင်သွင်းရန် စီစဉ်နေပါသည်။ ဗိုင်းရပ်စ်ဖြစ်ပွားမှုက တရုတ် ၊ ဟောင်ကောင်နှင့်စင်္ကာပူတို့ကို စိုးရိမ်ထိတ်လန့်မှုကိုဖြစ်ပွားစေပြီး ၎င်းတို့၏ ဆန်ဝယ်လိုအားကို တိုးပွားစေလိမ့်မည်ဖြစ်ကြောင်း Mr.Chookiat ကပြောကြားခဲ့ပါသည်။ ဝယ်လိုအားမြင့်တက်လာမည်ဖြစ်သော်လည်း ထိုင်းနိုင်ငံအနေဖြင့် ပြည်ပဆန်တင်ပို့မှု တန်ချိန်(၇.၅)သန်းရရှိရန် ခက်ခဲလိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

**Source: Bangk Post**

**စီးပွားရေးသံမှူး - မြန်မာသံရုံး၊ ဗန်ကောက်**

## STOCK EXCHANGE (11.2.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 11th Feb. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 1,778 | 20,447,000 | 27,112,747 | 311,797 |
| MTSH | 00002 | 4,000 | -100 | -2.44% | 4,100 | 4,100 | 4,000 | 3,025 | 12,100,600 | 38,929,150 | 155,717 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,400 | 8,400 | 8,200 | 2 | 16,600 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 606 | 13,938,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,900 | 2,900 | 2,850 | 4,008 | 11,623,050 | 12,823,224 | 36,546 |


### Market summary

As of 11th Feb. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 471.92 | -4.36 | -0.92% | 476.75 | 476.75 | 471.92 | 9,419 | 58,125,250 | 5 | 646,205 |

**Index chart**



# Market Overview

As of 1:00 pm, 11th Feb. 2020

| MYANPIX | 471.92<br>▼ 4.36 |
|---|---|
| Total Volume (shares) | 9,419 |
| Total Value (MMK) | 58 mil |
| Listed Company | 5 |
| Market Cap. (MMK) | 646,205 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 4,000 | ▼ 100 |
| MCB | 00003 | 8,200 | ▼ 200 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |

TIR